ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# KSCC အဖွဲ့ဝင် အဖွဲ့အစည်းများ၏ ကတိကဝတ်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်

## ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၂၃)

## ရက်စွဲ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်

၁။ အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံတော်၏အာဏာကို မတရားသိမ်းယူရန်ကြိုးပမ်းခဲ့ပြီး အပြစ်မဲ့ပြည်သူလူထုများအား ဥပဒေမဲ့ဖမ်းဆီးအကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်း၊ ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခြင်း၊ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းစသော လူသားမဆန်သည့် လုပ်ရပ်များကို ရက်စက်စွာကျူးလွန်လျက်ရှိသည်။ နိုင်ငံအတွင်းရှိ လူငယ်များ၊ အမျိုးသမီးများ၊ ပြည်သူများ၊ အရပ်ဖက်အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ၂၀၂၀ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ သပိတ်အဖွဲ့ဝင်များ၊ CDM များနှင့် တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများမှ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် အင်တိုက်အားတိုက် တိုက်ပွဲဝင်နေကြပါသည်။

၂။ မိမိတို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအတွင်းရှိ အဖွဲ့ဝင်အဖွဲ့အစည်းအားလုံးသည် စစ်အာဏာရှင်နှင့် အာဏာရှင်မှန်သမျှ အမြစ်ပြတ်ကျဆုံးရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ကရင်နီပြည်နယ်၏ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ပြည်နယ်အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်တို့ကို တော်လှန်ရေးကာလကြားကာလမှစတင်၍ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ကျင့်သုံးသွားရန် လိုအပ်နေသည်။

၃။ သို့ဖြစ်ပါ၍ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီပြန်လည်ဖွဲ့စည်းရေးတွင် ပါဝင်သွားမည့် အောက်ပါအဖွဲ့ဝင်အဖွဲ့အစည်းများအားလုံးသည် ပြည်သူလူထုနှင့် တစ်သားတည်းအတူတကွရပ်တည်ပြီး စုပေါင်းခေါင်းဆောင်ခြင်းအားအခြေခံလျက် စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်အားလုံးချုပ်ငြိမ်းသည်အထိ နိုင်ငံရေး၊ စစ်ရေး၊ သံတမာန်ရေးရာ တိုက်ပွဲများတွင် အစွမ်းကုန်တိုက်ပွဲဝင်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာလိုက်ပါသည်။

| စဉ် | အမည် | အစုအဖွဲ့အမည် | ရာထူး | လက်မှတ် |
|---|---|---|---|---|
| ၁။ | ခူဦးရယ် | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ | ဥက္ကဋ္ဌ | |
| ၂။ | ခွန်းဘီထူး | ကရင်နီအမျိုးသားများကာကွယ်ရေးတပ် | ဥက္ကဋ္ဌ | |
| ၃။ | မိုင်ကယ်ဘိုးရယ် | ကရင်နီပြည်နယ်ကြားကာလဥပဒေပြုရေးအဖွဲ့ | ကိုယ်စားလှယ် | |

| | | | | |
|---|---|---|---|---|
| ၄။ | မူအန်းဂျလာ | ကရင်နီပြည်အမျိုးသမီးများအင်အားစု | ကိုယ်စားလှယ် |  |
| ၅။ | မူမာရိယာ | ကရင်နီပြည်လူမျိုးစုလူငယ်အင်အားစု | ကိုယ်စားလှယ် |  |
| ၆။ | ဗညား | ကရင်နီပြည်နယ်အရပ်ဖက်အဖွဲ့အစည်း | ကိုယ်စားလှယ် |  |